
ဒေင်မြို့က
အပြေးသမား
သိုးဆောင်း

သို့ /-

ဖေဖေနှင့် မေမေ

သားကိုမမွေးခင် ဟိုတစ်ချိန်တုန်း ကတော့ ဖေဖေနဲ့မေမေက လူပျိုလူလွတ်တွေ ဖြစ်ကြမှာ ပါ။ နှစ် ဖက်မိဘတွေ ကလည်း သဘောမတူဘူးကြားတယ်။ ဒါပေမဲ့ သဘောမတူတဲ့ကြားထဲက ဘိုးဘိုး ဘွားဘွားတွေ ဆီက မေမေ့ကို ဖေဖေ အဒိန္နဒါနာကံ ပြု ခဲ့ကြတယ်နော်။ မေမေကလည်း သဘောတူ ကြည်ဖြူခဲ့တယ်။ သား တစ်ခု မရှင်းဘူးဖေဖေ။

သားငယ်ငယ်လေးကတည်းက ငါးပါးသီလနဲ့ ပတ်သက်ပြီး ဖေဖေနဲ့မေမေ ဆုံးမတာကို နာယူခဲ့ ရပါတယ်။ ငါးပါးသီလနဲ့အကျိုးအပြစ်တွေ ကိုလည်း သိခဲ့တယ်။ ကံငါးပါးမျှလုံအောင်မထိန်းနိုင်ရန် လူ မပီသဘူးလို့လည်း ဖေဖေပြောခဲ့တယ်။ သားမရှင်းတာက ကံငါးပါးနဲ့ပတ်သက်ပြီး သားအပေါ် ဒီလောက်ဂရုစိုက်ခဲ့တဲ့ ဖေဖေက ဘိုးဘိုးဘွားဘွားတွေ ဆီက မေမေ့ကို အဒိန္နဒါနာကံ ပြုခဲ့တာကိုပဲ။ မေမေကရော ဘာ ဖြစ်လို့ လက်ခံခဲ့တာလဲ။

သားအထင်တော့ အဲဒီ အဒိန္နဒါနာဆိုတဲ့ကံကြီးက တော် တော် အရသာရှိတယ်နဲ့ တူတယ်နော်။ အဲဒီ အရသာကို သားလည်းပဲ ခံစားကြည့်ချင်တယ်။ ဒါကြောင့် မတော် ရသေးတဲ့ ယောက္ခမလောင်း တွေ ဆီက မတော် ရသေးတဲ့ ဇနီးလောင်းလေးကို အဒိန္နာဒါနာကံ ပြုသွားပါပြီ။ သားကိုခွင့်လွှတ်ပါ။

လိုက်မရှာပါနဲ့။ ဖေဖေရဲ့ personality ကို သားယုံသလို သားရဲ့ personality ကိုလည်း သား ယုံတယ်။ ဒါကြောင့် လိုက်မရှာခိုင်းတာပါ။ တစ်ချိန်က အချစ်အတွက်နဲ့ ကံငါးပါးကို တစ်ပါးကျိုးခဲ့တဲ့ ဖေဖေ၊ သားအလှည့်မှာ လည်း ကိုယ်ချင်းစာတရားကို လက်ကိုင်ထားရင်း ဒေါသအမောတွေ ဖြေ ဖျောက်နိုင်ပါစေလို့ ...

အဒိန္နာဒါနာကံ အရသာကို ခံစားချင်ရုံသက်သက်ဖြင့် ....

မှတ်ချက် ။ ။ 'ဇ'ရှိလျှင်တော့ လိုက်မရှာပါနဲ့လို့ မတားလိုပါ။

'တောက်'

'ဘာလဲကွ ... ဒါ ဘာသဘောလဲ။ ဘာလုပ်သွားတာလဲ'

ဦးထိပ်တင်ဒေါသသံက ဧည့်ခန်းထဲတွင် ဟိန်းသွားသည်။ ပြင်းထန်လွန်းသော ဒေါသ ပေါက်ကွဲသံကြောင့် ဒေါ်ဝင်းဝင်းန ခန္ဓာကိုယ်မှာ အလိုလိုကျုံ့မိ သွားပါ၏ ။

ထိုစဉ်မှာ ပင် အိမ်မှာ တောက်တိုမယ်ရခေါ်ထားသော မိနီက စာရွက်တစ်ရွက်ကိုင်၍ ဧည့်ခန်း ထဲ ဝင်လာပြီး ...

'အစ်ကိုလေး အခန်းထဲက ဒီစာရွက်တစ်ရွက် တွေ့ခဲ့တယ် ဘဘကြီး'

'ပြစမ်း'

စိတ်ရှုပ်ရှုပ်နှင့် ဆွဲယူဖတ်ကြည့်ပြီးစဉ်မှာ ပင် ဦးထိပ်တင်မျက်နှာပြင်ကြီးက အနမြူပုံးဒဏ်ထိ သော ဟီရိုရှီးမားလို မှိုင်းဝေအုံကြွ မည်းပြာသွားတော့သည်။ ပြီး စာရွက်အား ဒေါသတကြီး လုံးချေပစ် လွှတ်လိုက်ရင်း ....

'တောက်.. ရိုက်သတ်ဖို့ကောင်းလိုက်တာ။ အကုန်လုံးလည်း ပြင်ဆင်ပြီးပြီ။ မင်္ဂလာရက်လည်း သတ်မှတ်ပြီးမှ ဘာအရှုးထသွားတာလဲ။ ဒါ ... ဟိုကောင် .. ကျော်ခေါင်လက်ချက်ပဲ ဖြစ်ရမယ်။ မင်္ဂလာဆောင်ကို သူသဘောကျတဲ့ ဟိုတယ်မှာ မလုပ်ရလို့ သူ့သမီးကို မြှောက်ပေးပြီး ငါ့သားကို ခိုးပြေးခိုင်းတာ။ ပေးစမ်းကွာ ... ဖုန်း'

ခါးထောက်ကာ ကျောပေးရပ်ရင်း ပြောလိုက်သော ဦးထိပ်တင်စကားကြောင့် ဒေါ်ဝင်းဝင်းနမှ မဝံ့မရဲဖြင့် ..

'ဖုန်းက ရှင့်ခါးကြားမှာ လေ'

'ငါ သိတယ်။ မင်းကို တောင်းတာ မဟုတ်ဘူး။ ငါ့ကိုယ်ငါ တောင်းတာ။ တောက် ... ကျော်ခေါင် မင်းနဲ့ငါ တွေ့ကြပြီပေါ့ကွာ'

ဒေါသတကြီး အော်ငေါက်ရင်း ခါးကြားမှဖုန်းကိုထုတ်ကာ ဆက်သည်။ သို့သော် ....

'တော် ...ဒီသောက်ဖုန်းကလည်း အရေး ဆို ခေါ်လို့မရတော့ဘူး။ သွားစမ်းကွာ...'

ဖုန်းမှာ သခင်၏ ဒေါသအလိုအတိုင်း ဆိုဖာကုလားထိုင်ပေါ် ဘုတ်ခနဲ ရောက်သွားရသည်။

'ဟမ်းဖုန်းကို ဆက်လို့မရရင်လည်း အိမ်ဖုန်းကို ဆက်ကြည့်ပါလား။ အိမ်ဖုန်းဆိုရင် ...'

ဒေါ်ဝင်းဝင်းနုစကားပင် မဆုံးလိုက်ပါ။ မိုးခြိမ်းသံလို အာခေါင်ခြစ်အော်လိုက်သံတစ်ခုက ...

'ငါသိတယ် ... မင်း လျှာမရှည်နဲ့။ အခုပဲ ကောက်ဆက်မလို့ စဉ်းစားနေတာ'

ဒါပါပဲ။

ဦးထိပ်တင်ဆိုတာ နာမည် အတိုင်း သူများ ထိပ်ပေါ်မှာ တင်နေချင်တဲ့လူလေ။

မျက်စိထဲ မြင်ကြည့်စမ်းပါဗျာ ...။ ထိပ်တင်ဆိုတော့ ထိပ်(ဦးခေါင်း)ပေါ်မှာ တင် (တင်ပါး) ရောက်နေမယ့်ပုံစံကို။

ဒါ ဦးထိပ်တင် ဒေါသထွက်ရင် ဖြစ်နေကျပုံစံပေါ့။

တော် တော် ဝွတီးဝွကျနိုင်မယ့် ပုံစံဆိုတာ တွေးကြည့်စရာမလိုဘဲ သိပါတယ်။ သြော်... ဒါနဲ့ အရေး ကြီးတာ ပြောရဦးမယ်။ သူက ခေါင်းတုံးကြီးဗျ။ တမင်သက်သက် တုံးထားတဲ့ ခေါင်းတုံး မဟုတ် ဘူး။ ထိပ်အပြောင်လွှန်နေတဲ့ ခေါင်းတုံးဝင်းဝင်းကြီး။

ဒါဆို အမြင်ရှင်းပါပြီ။

×××××××

သို့ /-

ဖေဖေနှင့် မေမေ

သမီးကိုမမွေးခင် ဟိုတစ်ချိန်တုန်း ကတော့ ဖေဖေနဲ့မေမေက လူပျိုလူလွတ်တွေ ဖြစ်ကြမှာ ပါ။ နှစ် ဖက်မိဘတွေ ကလည်း သဘောမတူဘူးကြားတယ်။ ဒါပေမဲ့ သဘောမတူတဲ့ကြားထဲက ဘိုးဘိုး ဘွားဘွားတွေ ဆီက မေမေ့ကို ဖေဖေ အဒိန္နဒါနာကံ ပြု ခဲ့ကြတယ်နော်။ မေမေကလည်း သဘောတူ ကြည်ဖြူခဲ့တယ်။ သမီးတစ်ခု မရှင်းဘူးဖေဖေ။

သမီးငယ်ငယ်လေးကတည်းက ငါးပါးသီလနဲ့ ပတ်သက်ပြီး ဖေဖေနဲ့မေမေ ဆုံးမတာကို နာယူခဲ့ရပါတယ်။ ငါးပါးသီလနဲ့အကျိုးအပြစ်တွေ ကိုလည်း သိခဲ့တယ်။ ကံငါးပါးမျှလုံအောင်မထိန်းနိုင်ရန် လူမပီသဘူးလို့လည်း ဖေဖေပြောခဲ့တယ်။ သမီးမရှင်းတာက ကံငါးပါးနဲ့ပတ်သက်ပြီး သားအပေါ် ဒီလောက်ဂရုစိုက်ခဲ့တဲ့ ဖေဖေက ဘိုးဘိုးဘွားဘွားတွေ ဆီက မေမေ့ကို အဒိန္နဒါနာကံ ပြုခဲ့တာကိုပဲ။ မေမေကရော ဘာ ဖြစ်လို့ လက်ခံခဲ့တာလဲ။

သမီးအထင်တော့ အဲဒီ အဒိန္နဒါနာဆိုတဲ့ကံကြီးက တော် တော် အရသာရှိတယ်နဲ့ တူတယ်နော်။ အဲဒီ အရသာကို သားလည်းပဲ ခံစားကြည့်ချင်တယ်။ ဒါကြောင့် မတော် ရသေးတဲ့ ယောက္ခမလောင်း တွေ ဆီက မတော် ရသေးတဲ့ ဇနီးလောင်းလေးကို အဒိန္နာဒါနာကံ ပြုသွားပါပြီ။ သားကိုခွင့်လွှတ်ပါ။

လိုက်မရှာပါနဲ့။ ဖေဖေရဲ့ personality ကို သမီးယုံသလို သမီးရဲ့ personality ကိုလည်း သမီး ယုံတယ်။ ဒါကြောင့် လိုက်မရှာခိုင်းတာပါ။ တစ်ချိန်က အချစ်အတွက်နဲ့ ကံငါးပါးကို တစ်ပါးကျိုးခဲ့တဲ့ ဖေဖေ၊ သမီးအလှည့်မှာ လည်း ကိုယ်ချင်းစာတရားကို လက်ကိုင်ထားရင်း ဒေါသအမောတွေ ဖြေ ဖျောက်နိုင်ပါစေလို့ ...

အဒိန္နာဒါနာကံ အရသာကို ခံစားချင်ရုံသက်သက်ဖြင့် ....

ချစ်သော သမီး

လေပြေ

မှတ်ချက် ။ ။ 'ဇ'ရှိလျှင်တော့ လိုက်မရှာပါနဲ့လို့ မတားလိုပါ။

၂၂

'ဒါ ငါတို့နှစ် ဖက်မိဘတွေ ကို သက်သက်အရှက်ခွဲတာကွ။ တောက် ... တစ်မျိုးလုံးလည်း သိကုန်ပြီ။ ဖိတ်စာလည်း ဝေပြီးသွားမှ အခုလိုလုပ်သွားတာ ဖနောင့်နဲ့ပဲ ပေါက်သတ်ချင်စရာ ကောင်း တော့တယ်'

ဦးကျော်ခေါင်ဒေါသက ထိန်းမရနိုင်အောင် ပေါက်ကွဲလွင့်စင်ထွက်ကုန်ပါပြီ။ ဒီတော့ ထုံးစံ အတိုင်း ဇနီး ဖြစ်သူကို လှည့်ရမ်းပါ၏ ။

'သမီးဒီလိုလုပ်မယ်မှန်း နည်းနည်း လေးမှ မရိပ်မိတာ မင်းမလွန်လွန်းဘူးလား မကြီး'

'အိုတော် ... ဘယ်သူက ထင်မှာ လဲ။ အခုလည်း သူတို့နှစ် ယောက် ကို မင်္ဂလာဆောင်ပေးဖို့ အတွက်ပဲ အကုန်လုံးလုပ်နေကြတာ။ သဘောမကျတဲ့လူနဲ့ ပေးစားလို့ချစ်တဲ့သူနဲ့ ခိုးရာလိုက်သွား တယ်ဆို လူကြားလို့ကောင်းသေးတယ်။ ပေးစားပါ့မယ်။ သဘောတူပါတယ်ဆို အခုလိုလုပ်သွားတာ ဘယ်သူက သိမှာ လဲ။ ရှင်ရော သိလို့လား'

'ဟ ... ငါက မင်္ဂလာဆောင်ကိစ္စအတွက် အပြင်မှာ အလုပ်ရှုပ်နေတာကွ။ မင်းက အိမ်ထဲမှာ နေ ပြီး ဘယ်အချိန်လိုက်သွားလို့ လိုက်သွားမှန်းမသိတာ မင်းမညံ့လို့ ဘယ်သူညံ့တာလဲ'

'သွားတုန်းက ဆရာကန်တော့ပွဲဆိုပြီး သွားတာရှင်။ မနေ့ညနေကတည်းက

မနက်ဖြန် ဆရာ ကန်တော့ပွဲမို့ ကျောင်းမှာ သူငယ်ချင်းတွေ စုအိပ်ကြမယ်ဆိုပြီး ထွက်သွားတာ။ ဒီနေ့ညနေထိ ပြန် ရောက်မလာတော့မှ သူငယ်ချင်းတွေ ဆီ ဖုန်းဆက်ကြည့်တော့ သူတို့နှစ် ယောက် လုံး ဆရာကန်တော့ပွဲ ကို ရောက်မလာဘူးတဲ့။ အဲဒါ ကျွန်မအလွန်လား'

'လင်နောက်လိုက်တာကို လင်နောက်လိုက်ပါမယ်လို့တော့ ဘယ်သူက ပြောသွားမှာ လဲကွ။ မင်းတုန်းကရော ပြောခဲ့လို့လား။ ယုံယုံကြည်ကြည်နဲ့လွှတ်လိုက်တာကိုက မင်းညံ့တာပဲ'

'ဆရာ/ဆရာမ တွေ သွားကန်တော့မှာ ကျွန်မက မလွှတ်လို့ ဖြစ်မလား'

ဦးကျော်ခေါင် ဆက်မပြောတော့ဘဲ 'တောက်'တစ်ချက်ထပ်ခေါက်ကာ ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ မျက်နှာတစ်ခုလုံးမှာ လည်း ဒေါသဖြင့် ရဲနေပါ၏ ။ ဟုတ်တော့လည်း ဟုတ်သည်။ မင်္ဂလာ ဆောင်ရက်က တစ်ပတ်သာလိုတော့သည်။ ဒါကို ခိုးပြေးတဲ့အရသာ သိချင်လို့ပါဆိုပြီး အရူးထသွား တာ ဘယ်လောက်ဒေါသထွက်ဖို့ကောင်းလိုက်သလဲ တွေ းကြည့်ဖို့ပင် မလို။

ဒီကြားထဲ သူတို့နှစ် ယောက် က မိဘတွေ ကို ရိသွား ကလိသွားသေးသည်။

'တောက်..ဒါ ဟိုကောင်ထိပ်တင် လက်ချက်ပဲ ဖြစ်ရမယ်။ မင်္ဂလာဆောင်မှာ သူကျွေးချင်တဲ့ အစားအသောက်မကျွေးရလို့ သူ့သားကို မြှောက်ပေးပြီး ငါ့သမီးကို ခိုးပြေးခိုင်းတာ'

ချက်ချင်း ပင် ဦးကျော်ခေါင်မှာ ဦးထိပ်တင်ကို ဖုန်းခေါ်ပါ၏ ။ ဖုန်းက တော်တော် နှင့် ခေါ်မရ။ အင်ဂေ့(ချ်) ဖြစ်နေသည်။ ထုံးစံအတိုင်း ဇနီးကိုလှည့်ရမ်းမည် ကြံပြီးမှ သတိရပြီး အိမ်ဖုန်းကို ဆက်လိုက် သည်။ ဒီတစ်ခါ ချက်ချင်း ပင် ဝင် သွားပါ၏ ။

ဖုန်းဝင်လျှင် ဝင်သွားချင်း...

'ကလင် .. ကလင် .. ကလင်...'

သူတို့အိမ်ဖုန်းလည်း မြည် လာသဖြင့် ဒေါ်ခင်ခင်ယု ကောက်ကိုင်လိုက်စဉ် ...

'အေး..နနလား...ဟိုကောင် ထိပ်တင်ရှိလား'

ဦးကျော်ခေါင်က မေးလိုက်ခြင်း..

'အင်း...ရှိတယ်...ရှိတယ်။ အခုပဲ ဖုန်းခေါ်နေတာ။ ဘေးမှာ ရှိတယ်'

ထိုအသံသည် ဦးကျော်ခေါင်ဇနီး ဒေါ်ခင်ခင်ယု ဖုန်းပြန်ဖြေနေသံ ဖြစ်ပါ၏ ။ ပြီးတော့ ...

'ကိုထိပ်တင်...ဒီမှာ ကိုကျော်ခေါင် ဖုန်းဆက်တယ်'

ဖုန်းတွင် းမှ အသံကြားရသည်။ အပြင်၌ လည်း..

'ကိုကျော်ခေါင်...ဖုန်း..ကိုထိပ်တင်တဲ့'

နှစ် ယောက် စလုံး ဟန်းဖုန်းကိုယ်စီပစ်ချရင်း အိမ်ဖုန်းဆီသို့ ပြေးသွားလိုက်ကြသည်။ အရင်ဆုံး ဦးကျော်ခေါင်က ...

'ဟေ့ကောင်..ထိပ်တင် ... မင်းအကြံ ဒါအကုန်ပဲလား။ မင်္ဂလာဆောင်မှာ မင်းကျွေးချင်တဲ့ အစားအသောက်မကျွေးရလို့ မင်္ဂလာပွဲပျက်အောင် ကလေးတွေ ကို ခိုးပြေးခိုင်းတဲ့ မင်းအကြံ ငါမသိရင် ခက်မယ်'

'လာလာချည်သေး။ ခွေးက ချီးမစားဘူး ငြင်းချင်သေးတယ်။ သူများ ကို သွားပြောချည်ကွ။ ငါ့ကို လာမပြောနဲ့။ မင်းနဲ့ငါ ငယ်ငယ်ကတည်းက ပေါင်းလာတာ။ မင်းအကြောင်း ငါသိတယ်'

'အေး...ငါလည်း မင်းအကြောင်းသိတယ်...ကျော်ခေါင်'

'ထိပ်တင်..မင်းအပိုတွေ လျှောက်ပြောမနေနဲ့။ အဲဒီ ကိစ္စ မင်းငါနဲ့ စာရင်းရှင်းချင်နေတာမလား'

'ဟုတ်တယ်...'

'အေး..ဒါဆို ငါ့အိမ်လာခဲ့။ ငါလည်း မင်းနဲ့ရှင်းချင်နေတာ'

'မင်းလာခိုင်းတိုင်း လာရမှာ လားကွ၊ မလာနိုင်ဘူး။ မင်းပဲ ငါ့အိမ်လာခဲ့ချည်'

'ဘာကွ ...'

ဦးကျော်ခေါင်ဘက်မှ ခဏအသံတိတ်သွားသည်။ မကြာပါ။

'မိုးချုပ်နေပြီကွ..ငါ မျက်စိမကောင်းဘူး'

ဦးထိပ်တင်ဘက်မှလည်း ...

'အေး..ငါ့ကား ရှေ့မီးတွေ နှစ် လုံးစလုံး ကျွမ်းနေတယ်'

ဒီလိုနှင့် သူတို့နှစ် ဦး အပြန်အလှန် ငြင်းခုန်ကြရင်း နောက်ဆုံးမှာ တော့...

'ဒါဆိုလည်း တွေ ့နေကျဆိုင်မှာ ပဲ တွေ ့ကြမယ်။ နောက်...နာရီဝက်အတွင် း အရောက်လာခဲ့'

'ပြီးရော...'

၂၂၂

အေးချမ်းဆိတ်ငြိမ်သော ဆိုင်လေးတစ်ဆိုင်၏ သီးသန့်ခန်းထဲတွင် ပြို င်ပွဲတစ်ရပ်က အချိုးမညီ ဝါကျတွေ ဖြင့် ဖြစ်ပွားလျက်ရှိသည်။

ပြိုင်ပွဲက စကားရည်လုပွဲ။

ပြိုင်ပွဲဝင်နှစ် ယောက် က ဦးထိပ်တင်နှင့် ဦးကျော်ခေါင်။

ပထမ သူတစ်ခွန်း၊ ငါတစ်ခွန်း၊ အော်ဟစ်ငြင်းခုံနေကြသော ကြောင့် ဆိုင်ဝန်ထမ်းများ နှင့် လာ ရောက်စားသုံးသူများ စိတ်ဝင်တစား ဖြစ်မိကြသည်။ ဝန်ထမ်းအချ ့ဆို အခြေအနေဆိုးလျှင် ဝင်ရ အောင် အခန်းတံခါးဝမှာ စောင့်နေရပါ၏ ။ နောက်မှ အခန်းတွင် းရှိ လေတိုက်နှုန်းမှာ သိသိသာသာ လျော့ကျသွားသည်။ ဒီတော့မှပဲ တစ်ဆိုင်လုံးမှာ ပုံမှန်လည်ပတ်ခွင့် ရသွားတော့သည်။

အခန်းတွင်း၌ လည်း တကယ်ပင် လေတိုက်နှုန်းလျှော့ကျသွားလေပြီ။ ဒါဆို ဦးထိပ်တင်နှင့် ဦး ကျော်ခေါင်တို့ ညီညွတ်မှု ရသွားကြပြီပေါ့။ မဟုတ်ပါ။ နားလည်မှု ယူလိုက်ခြင်းသာ။

"ဒါဆို ... မင်းရော ငါရော ပရောဂမပါဘဲ သူတို့နှစ် ယောက် သဘောအတိုင်း ထွက်ပြေးသွားကြ တာပေါ့"

"အမှန်ပဲ ....။ မင်းသား ထားခဲ့ထတဲ့ စာရွက်နဲ့ ငါ့သမီးထားခဲ့တဲ့စာရွက်ကို တိုက်ကြည့်လိုက် လေ။ ဘယ်သူ့ပယောဂမှုမပါဘဲ သူတို့ဘာသာ ထင်ရာလုပ်သွားတာအသိသာကြီးပဲ။ ပြီးတော့ ငါတို့ ခိုးပြေးခိုင်းတိုင်း ခိုးပြေးရအောင် သူတို့က ကလေးတွေ မဟုတ်ဘူး"

ဦးကျော်ခေါင်စကားကြောင့် ဦးထိပ်တင်မှာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ နောက် စားပွဲ ပေါ်တွင် ရှိနေသော စာရွက်နှစ် ရွက်ကို သေချာတိုက်ကြည့်ရင်း ...

"ဒီအတိုင်းသာဆိုရင်တော့ ငါတော် တော် ခံပြင်းသွားပြီ ကျော်ခေါင်။ စာရဲ့ အဓိပ္ပာယ်ကို မင်း သဘောပေါက်တယ်မလား။ ဒါ ငါတို့နှစ် ယောက် ကို ပါးပါးလေးရိသွားတာ။ ငါတို့ personality တွေ ကို စိန်ခေါ်သွားတာ"

ဦးကျော်ခေါင်က မဲ့ပြုံး တစ်ချက်ပြုံး ကာ ခေါင်းကိုညိတ်ရင်း ...

"သေချာတာပေါ့ကွာ။ ဘာတဲ့ .... "ဇ"ရှိလျှင်တော့ လိုက်မရှာပါနဲ့လို့ မတားလိုပါတော့ ငါတို့နှစ် ယောက် ကို "ဇ"ရှိရင် လိုက်ရှာ "ဇ"မရှိရင် လိုက်မရှာနဲ့လို့ ပြောတာကွ။ ဘယ်လောက် ခံပြင်းဖို့ကောင်း လိုက်သလဲ။ ငါတို့မွေးလို့ လူ ဖြစ်လာတဲ့ မျောက်မသားတွေ က ရိသွားတာ"

"အဲဒီ တော့ ကျော်ခေါင် ... မင်းဘာလုပ်ချင်လဲ"

ဦးထိပ်တင် မျက်နှာကိုတည်ရင်း မေးလိုက်တော့ ...

"ဘာလုပ်ရမှာ လဲကွ။ ငါတို့နှစ် ယောက် လုံး ငယ်ငယ်ကတည်းက

ဘာကောင်တွေ ဆိုတာ သိတယ်မလား။ ဒီလိုမျိုး ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်တာတော့ အ ဖြစ်မခံနိုင်ဘူး”

“အေး...ငါလည်း အ ဖြစ်မခံနိုင်ဘူး”

“နောက်ပြီး မင်္ဂလာပွဲပျက်လို့ အရှက်ကွဲမခံနိုင်ဘူး”

“ဟုတ်တယ်..။ မင်္ဂလာပွဲ ပျက်လို့မ ဖြစ်ဘူး”

“အဲဒီ တော့ ငါတို့ personality တွေ ဘယ်လောက်ကျန်သေးတယ်ဆိုတာ ပြရသေးတာပေါ့ ကွာ။ ငါတို့မှာ သူတို့သဲလွန်စပေးခဲ့တဲ့ စာရွက်နှစ် ရွက်ရှိတယ်”

“အင်း..”

“အဲဒီ သဲလွန်စပေါ် အခြေခံပြီး မရရအောင် လိုက်ရှာမယ်ကွာ၊ ပြီးရင် မင်္ဂလာပွဲအမီ ရအောင် ပြန်ခေါ်လာမယ်။ ဒီမှာ ကျန်ခဲ့တဲ့ မင်္ဂလာကိစ္စတွေ ကတော့ နနနဲ့ယုယုကို ဆက်လုပ် ခိုင်းထားခဲ့မယ်။ ဘယ်လိုလဲ”

“အိုကေလေကွာ... မင်္ဂလာပွဲကို လုံးဝအပျက်မခံဘူး။ ရက်မရွှေ့ဘူး။ နောက်မဆုတ်ဘူး။ မတွေ ့တွေ ့အောင်ရှာပြီး မရရအောင် ပြန်ခေါ်ခဲ့မယ်”

“ဟုတ်ပြီ....”

နောက်တော့ ဦးကျော်ခေါင်နှင့် ဦးထိပ်တင်တို့နှစ် ယောက် မှ ငယ်မူငယ်သွေးတွေ တက်ကြွ ပူနွေးရင်း ဖန်ခွက်ချင်း တိုက်လိုက်ကြတော့သည်။

ပူရှိန်းရှတသော အရသာကို နှစ် ယောက် လုံးခံစားရင်း ဖန်ခွက်တို့ကို ကိုယ်စီပြန်ချကာ...

“ထိပ်တင်ရာ..ငါ ကတော့ အလောင်းစည်သူမင်းကြီးပြောခဲ့တဲ့စကားအတိုင်းသာ ပြောလိုက်ချင် တော့တယ်”

“ဘယ်လိုလဲ”

ဦးကျော်ခေါင်က လက်မောင်းနှစ် ဖက်ကို ဟန်ပါပါ မြှော က်ရင်း...

"ငါတို့ မအိုသေးပါဘူးလို့"

ဒီလိုနှင့် ....

မင်္ဂလာပွဲ ကျင်းပဖို့ အဆင်သင့် ဖြစ်နေတာတောင် ခိုးပြေးတဲ့အရသာကို သိချင်ပါသည်ဆိုသော ၊ တကယ်လည်း ခိုးပြေးသွားခဲ့သော စုံတွဲ တစ်တွဲ နှင့် ...

ငယ်သူငယ်ချင်း "ဇ"တူ ပေါင်းသင်းခဲ့သူ အဖေနှစ် ဦး၏ စိန်ပြေးတမ်း (သို့ ) တူတူရေဝါး ကစားပွဲ လေးတစ်ပွဲက အမှတ်မထင် သမိုင်းမဝင့်တဝင့်လေး ဖြစ်ပွားလာပါတော့သည်။

၂၇

ချန်ထားခဲ့သော သဲလွန်စစာရွက်မှာ ဂျာနယ်အချို့နှင့် ပဟေဠိစာအုပ်အချို့တွင် တွေ ့ရသော စကားလုံးပဟေဠိ (Puzzle) လိုလို ဘာလိုလို ဖြစ်သည်။

Yangon ဟု စရေး ထားပြီး နောက်ကွက်လပ်တွေ အတွက်တော့ (u, J, u, k)ဟု စကားလုံး လေးလုံးသာ ထည့်ပေးထားသည်။ ဒါဆိုလျှင် ကျန်သည့်စကားလုံး ဆက်သွယ်မှု တွေ ကို သူတို့လူကြီး နှစ် ဦး ရှာရမည် ဟူသည့် သဘောပေါ့။ ဒါပေမဲ့ သူတို့နှစ် ဦးလည်း ဒီလောက်ဒုံးမဝေးပါ။ အောက်ဆုံးမှ (8:00 to 8:30)ဟူသော စာကြောင်းနှင့် အပေါ်ဘက်မှ အမှတ်အသားတစ်ခုကို ကြည့်ရုံဖြင့် ဆိုလိုရင်း ကို သဘောပေါက်သည်။

မျဉ်းတစ်ကြောင်းပေါ် ယခုကဲ့သို့ အပိုင်းပိုင်းဖြတ်ထားသလို အမှတ်အသားတွေ လုပ်ထားသည် ကား...

ပထဝီသင်ဖူးသူ (သို့ ) မြေပုံလေ့လာဖူးသူတိုင်း သိသည်။ ဒါသည် မီးရထားလမ်းကိုပြထားခြင်း။ ဒီတော့ အောက်မှ 8:00 to 8:30 နှင့် ဆက်စပ်လိုက်လျှင် အဖြေက ရှင်းပါသည်။

ရှစ်နာရီမှ ရှစ်နာရီခွဲကြား ထွက်သော ရထား။

ဒီလောက် ဆို ပထမအဆင့်အနေနှင့် သူတို့နှစ် ဦး ဘာလုပ်ရမည် ကို သဘောပေါက်လိုက်ပါပြီ။

ကလေးတွေ ပြောစကားနှင့် ပြောရလျှင်တော့ "စတွေ့ပြီပေါ့"

မနက် 7 နာရီသာ ရှိသေးသော် လည်း ဦးထိပ်တင်နှင့် ဦးကျော်ခေါင် ရန်ကုန်ဘူတာကြီးသို့ ရောက်နေပါပြီ။ သူတို့ အချိန်ဖြုန်းလို့ မ ဖြစ်။ မင်္ဂလာရက်က ဒီနေ့အပါ ကြားထဲ၌ ခြောက်ရက်သာကျန် တော့၏ ။ ဒီတော့ အမြန်ဆုံး လိုက်ရပေမည် ။

ဘူတာထဲ ဝင်ဝင်ချင်းပင် ဦးထိပ်တင်က စကြိုန်လက်မှတ်ရောင် းသူ ဝန်ထမ်းထံ ပြေးသွားကာ...

"8 နာရီကနေ 8 နာရီခွဲကြား ထွက်တဲ့ရထားက ဘယ်ရထားလဲဗျ"

ရှယ်တူလောက်ရှိမည် ထင်ရသော် လည်း ဝန်ထမ်းက ထုံးစံအတိုင်း ရှုတည်တည်မျက်နှာထား နှင့် ...

"8 နာရီ 8 နာရီခွဲကြားမှာ က ရထားတစ်စီးထဲ ထွက်တာမဟုတ်ဘူးဗျ။ လေးစီးထွက်တာ"

ဦးထိပ်တင်တို့ တစ်ယောက် ကို တစ်ယောက် ကြည့်မိသွားသည်။ ထင်သလောက်လွယ်မည့် အလားအလာ မတွေ့ပါလား။ ဦးထိပ်တင်က မျက်နှာကို အတတ်နိုင်ဆုံး ချိုရင်း ထပ်မေးသည်။

"ဘယ်ရထားတွေ လဲဗျ"

"မန္တလေးတစ်စီး၊ နေပြည်တော် နှစ် စီး၊ ရွှေညောင်တစ်စီး ထွက်တာ။ ခုနစ်နာရီခွဲဆို လက်မှတ် စရောင် းတော့မှာ ဟိုမှာ လက်မှတ်ဝယ်မယ့်သူတွေ တောင် တန်းစီနေကြပြီ"

ထိုလူ ညွှန်ပြရာဆီ သူတို့လှမ်းကြည့်မိတော့ ဟုတ်သည်။ လက်မှတ်ရောင် း ကောင်တာရှေ့၌ တန်းစီသူတွေ ပင် တော် တော် များ နေပြီ မဟုတ်ပါလား။

သူတို့ ဘာလုပ်ရမည် လဲ။ လေးစီးလုံး လက်မှတ်ဝယ်ရမည် လား။ ဒါတော့ မ ဖြစ်တန်ရာ။ စာရွက် ထဲမှာ လည်း ဘာမျှထပ်မရေး ထား။ ဒါသည် သူတို့နှစ် ဦးကိုလှည့်မယ့် လှည့်ကွက်လား။ လက်မှတ်မှာ း ဝယ်ပြီး ပါသွားလို့ ကတော့ တိုင်ပတ်သွားမည် သဘောရှိသည်။

ကြောင်တောင်တောင်နှင့် ရပ်၍ ဘာဆက်လုပ် ရမှန်းမသိ ဖြစ်နေစဥ်မှာ ပင် ဦးကျော်ခေါင်က ဘူတာအပြင်တစ်နေရာမှ မြင်ကွင်းရပ် လှမ်းမြင်သည်။ အဲဒါက အန်စာတုံးခေါက်တမ်း ကစားနေသော ကလေးနှစ် ယောက် ။

ချက်ချင်း ပင် ဦးထိပ်တင်ကို ပခုံးနှင့် လှမ်းတိုက်ကာ…

“ဟေ့ကောင် … ထိပ်တင် … ဟိုမှာ ကြည့်စမ်း”

“ဘာလဲ”

ဦးထိပ်တင်က ဘာမှန်းညာမှန်းမသိ ဦးကျော်ခေါင် မေးငေါ့ရာဆီ လှမ်းကြည့်ကာ…

“ဟိုကလေးနှစ် ယောက် ကို ပြတာလား”

“အေးလေ…”

“ဘာ ဖြစ်လို့လဲ။ မင်းနဲ့သိလို့လား”

“မင်းအဘကြီး ငါနဲ့သိရမှာ လား။ တောတော် ဝေးတဲ့ကောင်။ အဲဒီ ကလေးနှစ် ယောက် ကို ပြတာ မဟုတ်ဘူး။ သူတို့ကစားနေတဲ့လက်ထဲက အန်စာတုံးကိုပြတာ”

ဦးထိပ်တင် တစ်ချက်တွေ ဝေသွားသည်။ ဦးကျော်ခေါင်ဆိုလိုချက်ကို စဥ်းစားလိုက်ဟန်တူပါ၏ ။ ငယ်ငယ်ကတည်းက ပေါင်းလာသည့် တစ်ယောက် သဘော တစ်ယောက် နားလည်သူပီပီ ချက်ချင်း ပင် သဘောပေါက်လိုက်ကာ…

“ဘာလဲ … မင်းက အန်စာတုံးနဲ့ဆုံးဖြတ်ချင်လို့လား”

"အေး"

ဦးထိပ်တင် ထပ်စဉ်းစားလိုက်ပါသည်။ ပြီးတော့ ...

"ပိုနေတဲ့ (5)နဲ့ (6) ကရော..."

"ဖယ်ထားလိုက်ကွာ။ (1)ကနေ (4)အထိပဲ ယူမယ်"

"ပြီးရော..."

ထို့နောက်တော့ သူတို့နှစ် ဦး အန်စာတုံးခေါက်နေသော ကလေးတွေ ဆီသွားလိုက်သည်။ ပြီးတော့ ဦးကျော်ခေါင်က ကလေးနှစ် ယောက် ကို မုန့်ဖိုးပေးကာ အန်စာတုံးကို ခဏငှားသည်။ အန်စာ တုံးရပြီးချိန်တွင် သူတို့နှစ် ဦးမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြတော့သည်။ အဲဒီ နောက်မှာ ...

"ထိပ်တင် မင်းခေါက်မှာ လား၊ ငါခေါက်ရမှာ လား"

"မင်းပဲ ခေါက်ကွာ"

ရန်ကုန်ဘူတာကြီး၏ ပြင်ပတစ်နေရာတွင် မကြီးမငယ်နှင့် လူရည်သန့် လူကြီးနှစ် ဦး အန်စာတုံး ခေါက်တမ်း ကစားနေပုံက တွေ့မြင်ရသူအဖို့ အတော် ကြောင်တက်တက်နိုင်လှပေမည် ။ ဒါပေမဲ့လည်း မတတ်နိုင်။ ဆုံးဖြတ်ခက်နေသော ကိစ္စအချို့တွင် ကလေးဆန်လိုက်ခြင်းသည် လူကြီးဆန်ဆန် တွေး တောခြင်းထက် တစ်ခါတစ်ရံ ပိုပြီးထိရောက်မှု ရှိနိုင်သည် မဟုတ်ပါလား။

ကလေးများ ကစားသလို ဦးကျော်ခေါင်က အန်စာတုံးကို လက်မှာ ထည့်ရင်း အနည်းငယ် ခလောက်ကာ ပစ်ချလိုက်သည်။

အန်စာတုံးတို့၏ ထုံးစံအတိုင်း (6)ကျ၏ ။

နောက်တစ်ခါ ထပ်ခေါက်သည်။ ဒါလည်းပဲ (6)။

တတိယမြောက်တွင် တော့ ဦးထိပ်တင် စိတ်မရှည်တော့စွာ အန်စာတုံးကို

ဆွဲယူရင်း တစ်ချက် နှစ် ချက်လှုပ်ကာ ပစ်ချလိုက်တော့...

အနိစာတုံးလေးက လိမ့်ကာလိမ့်ကာနှင့် ...

ပထမ(4)။ နောက်(5)ကို ကျော်ကာ (3)။ ပြီးတော့မှ နှစ် ပွင့်မြောက် မျက်နှာပြင်တွင် အနိစာ တုံးက ရပ် သွားပါ၏ ။ ပြီးသွားလေပြီ။ မှန်သည်မှား သည်၊ ကောင်းသည်ဆိုးသည်၊ ကံကြမ္မာ၏ အကျိုး အကြောင်း အဆိုးအကောင်း အားလုံးသည် ထိုနံပါတ်(2)ဟူသော ဂဏန်း၏ အရှိန်အဝါပေါ်မှာ ။

ရှင်းရှင်းလေးပါ။

8 နာရီမှ 8 နာရီခွဲအတွင်း း 8 နာရီ 10 မိနစ်တွင် ဒုတိယမြောက်ထွက်မည့် ရန်ကုန်-နေပြည် တော် ရထား၏ လက်မှတ်ကို ဝယ်လိုက်ကြရုံသာ။ ပဟေဠိ၏ ဆိုလိုချက်နှင့် ကိုက်ညီသည်လား၊ မညီ ဘူးလား။

သူတို့ သား/သမီး နှစ် ဦးစီးသွားသော ရထားသည် ဒီရထားလား။ သူတို့ မသိနိုင်တော့။

ဒါပေမဲ့ သားနှင့် သမီးကို လိုက်ရှာမည့် အဖေနှစ် ဦးအတွက် ကံကြမ္မာကြီးက ပေးတာတော့ ဒီ ဂဏန်းသည်ပင်။

နောက်ဆုံးမှာ တော့ ဦးကျော်ခေါင်နှင့် ဦးထိပ်တင်တို့နှစ် ယောက် မှာ ရထားလက်မှတ် တန်းစီနေ သော လူအုပ်ကြီးနောက်သို့ ပါဝင်တန်းစီလိုက်ပါတော့သည်။

လက်မှတ်ဝယ်ပြီးသွားတော့ 8 နာရီထိုးတော့မည် ။ နှစ် ယောက် သား ခရီးဆောင်အိတ်ကိုယ်စီ ဆွဲရင်း စကြံနံသို့ အလျှင်အမြန်ဆင်းလာခဲ့ပါ၏ ။ ပြီးတော့ ရထားဆိုက်ရောက်ထားရာသို့ သွားကာ အထက်တန်းတွဲ တစ်တွဲ ပေါ် တက်လိုက်သည်။

တွဲ ပေါ်၌ လူပင် တော် တော် စုံနေပါပြီ။ ဦးထိပ်တင်က ပြတင်းပေါက်ဘေးတွင် ထိုင်သည်။ ဦး ကျော်ခေါင်က အတွင်း းဘက်။ သူတို့နှစ် ဦးရှေ့တွင် ခုံပိုင်ရှင်တွေ မလာသေး။ ဘေးမျက်နှာချင်းဆိုင် လေးခုံကလည်း လောလောဆယ်လွတ်နေသည်။ ခရီးသွားတို့၏

ထုံးစံအတိုင်း မိမိတို့၏ ရှေ့နောက်ဝဲ ယာ ဘယ်သူတွေ ရောက်မလဲ သိချင်စိတ်ဖြင့် အကဲခတ်စောင့်ကြည့်နေခိုက်။

"ထိပ်တင် ငါတစ်ခု စဉ်းစားမိတယ်ကွ။ အခု ငါတို့လုပ်နေတာတွေ အကုန်လုံးက ကလေးများ ဆန်နေလားလို့"

ဦးကျော်ခေါင့်စကားကြောင့် အပြင်ကိုငေးနေသော ဦးထိပ်တင်လှည့်ကြည့်ကာ ...

"ဒါဆို မင်းက လူကြီးဆန်ဆန် အရှက်ကွဲခံချင်လို့လား"

"ဟာ...အဲလိုတော့ ဘယ်အ ဖြစ်ခံချင်မလဲကွ"

"အေး...အဲဒါဆို ဘာမှပြောမနေနဲ့။ သားသမီး ခိုးရာလိုက်သွားလို့ မိဘတွေ က စုံစမ်းတာ လိုက်ရှာတာ ထုံးစံပဲ။ ငါတို့မှ လိုက်ရှာတာမဟုတ်ဘူး။ မင်းတို့ငါတို့ အလှည့်တုန်းကရော မိဘတွေ က လိုက်ရှာတာပဲ မဟုတ်ဘူးလား"

ဦးထိပ်တင်၏ အပြောကြောင့် ဦးကျော်ခေါင် ငြိမ်သွားသည်။ ဟုတ်လည်း ဟုတ်ပေသည်။ သူတို့ အလှည့်တုန်းကလည်း မိဘတွေ မှာ ဒေါသမျက်ရည် အလျှံပယ်နှင့် ပူလောင်ခဲ့ရသည်မဟုတ်ပါလား။ ဒါပေမဲ့ သူတို့တုန်းက မိဘသဘောမတူလို့ လုပ်ရိုးလုပ်စဉ် ခိုးပြေးခြင်း။ ယခု သားတွေ သမီးတွေ အလှည့်ရောက်မှပဲ သဘောတူသည့်ကြားထဲက အရသာသိချင်လို့ဆိုကာ ခိုးပြေးခြင်းသည် ထူးရင်ထူး၊ မထူးရင် ရှုးလို့ပေပဲဟုသာ တွက်ရတော့မည် ။

ထိုစဉ် ဆူညံဆူညံ အသံများ ကြောင့် အတွေးကိုရပ်ကာ ကြည့်လိုက်မိစဉ် ကျောပိုးအိတ်ကိုယ်စီ လွယ်ရင်း တက်လာကြသော လူငယ်အချို့။ ယောကျ်ားလေးနှစ် ယောက် ၊ မိန်းကလေးနှစ် ယောက် ။ ပုံစံ တွေ ကြည့်ရတာ တော့ ရန်ကုန်သူ၊ ရန်ကုန်သားတွေ ဖြစ်ပုံရသည်။

အနီးရောက်မှ ကြည့်မိတော့ ကျောပိုးအိတ်ကိုယ်စီလွယ်ထားသည့်အပြင်

ယောက်ျားလေး၊ မိန်းကလေးအကုန်လုံး ဖိနပ်ဆင်တူဝတ်ထားသေး၏ ။ ပြီးတော့ ဘာတံဆိပ်မှန်းမသိသည့် လက်ပတ် ကြိုး ဆင်တူကိုလည်း ညာဘက်လက်တိုင်းတွင် ဝတ်ထားသေးသည်။

သူငယ်ချင်းတွေ ပဲလား၊ ချစ်သူစုံတွဲ တွေ ပဲလား မသိ။ မောင်နှမတွေ မဟုတ်တာတော့ သေချာ သည်။ စနောက် ရယ်မောရင်း တက်လာကာ ဦးကျော်ခေါင်၏ တစ်ဖက်ခြမ်း မျက်နှာချင်းဆိုင်လေးခုံ တွင် ဝင်ထိုင်လိုက်ကြတော့မှ ...

ဦးထိပ်တင် နှာခေါင်းရှုံ့မိသွားလေပြီ။ သားယောက်ျားလေး မွေးထားသူပင် နှာခေါင်းရှုံ့မိသွား ရာက သမီးမွေးထားသူ ဦးကျော်ခေါင်မှာ ဆိုဖွယ်ရာမရှိတော့။

နေပုံထိုင်ပုံ အမြင်မတော် သည့်အပြင် ဝတ်ဆင်ထားကြတာတွေ က စိတ်ပျက်ဖွယ်ကောင်း အောင် ခေတ်ဆန်လွန်းလှ၏ ။ ယောက်ျားလေးနှစ် ယောက် မှာ အကြောင်းမဟုတ်သော်လည်း မိန်းက လေးနှစ် ယောက် မှာ ကား...

ဦးကျော်ခေါင် မျက်လုံးလွှဲရင်း တွေ းမိသွားသည်။

"ဩော်...ငါတို့တွေ အခုမှ ကမ္ဘာဦးအစကို ပြန်ရောက်နေကြတာပါလား။ သစ်ရွက်ဖုံးသည့် ယဉ်ကျေးမှု ကပင် ချစ်ဖို့ကောင်းဦးမည် ထင်သည်။ အခုဟာက...

လန်းတော့ လန်းကြပေါ့ကွယ်။ မလန်စေနဲ့ပေါ။ ပြီးတော့ မလွင့်ပါစေနဲ့လို့လည်း ဆုတောင်းပါ တယ်"

ဦးထိပ်တင် ကတော့ မြင်ကွင်းကိုကြည့်ရင်း ဆရာတော် ဦးဇောတိက၏ စာအုပ်တစ်အုပ်ထဲမှ စာသားအချို့ကို သတိရမိသည်။

"ကိုယ်ရည်ကိုယ်သွေးဆိုတာ ဘာလဲ?"

ကိုယ်ရည်ကိုယ်သွေးဆိုတာ လူ တစ်ယောက် မှာ ပါတာ အကုန်လုံးပဲလို့ ဆိုပါတယ်။ ရုပ်ရည်က လည်း ကိုယ်ရည်ကိုယ်သွေးထဲမှာ ပါတယ်။ ဆံပင်ဖီးပုံကလည်း ကိုယ်ရည်ကိုယ်သွေးထဲမှာ ပါတယ်။ အဝတ်အစားဝတ်ပုံကလည်း ကိုယ်ရည်ကိုယ်သွေးထဲမှာ

ပါတယ်။ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံ၊ လမ်းလျှောက်ပုံ၊ ပြုမူကျင့်ကြံပုံ၊ လူအများ နဲ့ ဆက်ဆံပုံအားလုံး ကိုယ်ရည်ကိုယ်သွေးထဲမှာ ပါတယ်။

ဆံပင်ကို ကောက်ပြီးဖွထားသူရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖီးထားတဲ့ လူရဲ့ ကိုယ်ရည်ကိုယ်သွေး မတူဘူး။ လူ တစ်ယောက် ရဲ့ ဆံပင်ပုံစံကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့ ကိုယ် ရည်ကိုယ်သွေးကို အကဲခတ်လို့ရတယ်။ ထို့အတူပဲ .. အကျီအရောင် အသွေး အမျိုးမျိုး၊ အကွက်အမျိုး မျိုး ဝတ်ထားတာကို ကြည့်ခြင်းအားဖြင့် လက်ရှိအခြေအနေမှာ ဒီနေ့၊ ဒီအချိန်၊ ဒီလူရဲ့ စိတ်အခြေ အနေကို ခန့်မှန်းလို့ရတယ်။

ထို့အတူပဲ စကားပြောပုံကလည်း လူရဲ့ ကိုယ်ရည်ကိုယ်သွေးထဲမှာ ပါတယ်။ စကားလုံး အသုံး အနှုန်းက စရိုက်သဘာဝကို ထင်ဟပ်ပြတယ်။ စကားလုံး ရိုးရိုးသုံးတဲ့ လူရဲ့ စိတ်အခြေအနေနဲ့ ခေတ် စကားများများ သုံးတဲ့ လူရဲ့ စိတ်အခြေအနေချင်း မတူဘူး။ ဘဝကို လေးလေးနက်နက် သဘောထားပုံ ချင်း မတူဘူး။

ဘန်းစကား သိပ်ဆန်တဲ့စကားကို မပြောပါနဲ့။ ကိုယ့်ကိုယ်ရည်ကိုယ်သွေးကို ပျက်စီးစေတယ်။ သိပ်ပြီး ခေတ်ဆန်လွန်း၊ ကလက်လွန်းတဲ့ မသပ်မရပ် ဖြစ်နေတဲ့ အဝတ်အစားကို မဝတ်ပါနဲ့။ ကိုယ့်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ထိခိုက်ပါတယ်”တဲ့။

ထိုစာသားအချို့ကို သတိရရင်း ဦးထိပ်တင် ခေါင်းဆတ်မိသည်။ ပြီး စိတ်ထဲမှ…

“ဩော်…ကိုယ့်ကိုယ်ရည်ကိုယ်သွေး ကိုယ် ဖျက်ဆီးနေကြတာပဲ”

ပိုဆိုးသည်က ထိုမိန်းကလေးနှစ် ယောက် မှာ သူတို့နှင့် တစ်တန်းတည်းထိုင်နေတာ မဟုတ်။ ယောကျ်ားလေးနှစ် ယောက် မှာ သာ သူတို့နှင့် တစ်တန်းတည်း ဖြစ်၍ ထိုမိန်းကလေးတွေ ကတော့ ယောကျ်ားလေးတွေ ၏ ရှေ့မျက်နှာချင်းဆိုင်မှာ ဖြစ်သည်။

ဒီတော့ အဘိုးကြီးနှစ် ယောက် နှင့် ခေတ်လွန်အဝတ်အစားတွေ အောက်မှ မိန်းကလေးနှစ် ယောက် မှာ မျက်စောင်းထိုး။ ရှေ့ခုံ ကတော့ ယခုအချိန်အထိ

လူလွတ်နေသေးသည်။ ရထားထွက်လို့မှ ပိုင်ရှင်ရောက်မလာလျှင်တော့ ရှေ့ခုံပြောင်းထိုင်ရန် စဉ်းစားမိသည်။

8 နာရီ 5 မိနစ်။

ရထားထွက်ပေတော့မည် ။ speaker မှ ရထားထွက်တော့မည် ဖြစ်ကြောင်း သတိပေးနေပြီ။ မကြာလိုက်...

ဥသြဆွဲသံကို ကြားရ၏ ။ နောက်...

နေပြည်တော် သို့ ထွက်မည့် ရထားကြီးဆီမှ နောက်ဆုံးအကြိမ် သတိပေးဥသြသံအဆုံး...

ဦးကျော်ခေါင်နှင့် ဦးထိပ်တင်တို့၏ ရည်ရွယ်ချက် ပြည့်လုပြည့်ခင်မှာ ပင် အပေါက်ဝဆီမှ ရိပ်ခနဲ လှုပ်ရှားမှု တစ်ခုနှင့် အတူ ...

ဦးကျော်ခေါင် ဆတ်ခနဲ မတ်တပ်ရပ်ကာ ရထားတွဲ ပေါ်ဝေ့ကြည့်လိုက်သည်။ ဘယ်နေရာမျှ ခုံလွတ်မရှိတော့။

သွားပေပြီ။ သူတို့မြင်ရသည်ကား မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော ရသေ့ကြီးတစ်ပါး နှင့် လူ တစ်ယောက် ။

ရသေ့ကြီးမှာ သတ်လတ်ပိုင်းအရွယ်လောက်သာ ရှိမည် ဟု ထင်ရပြီး အညို ရောင် ဝတ်ရုံကို သပ်သပ်ရပ်ရပ် ရုံထားသည်။ ညာလက်တွင် ယပ်တောင်ကိုကိုင်ကာ ဘယ်လက်မှာ တော့ ပုတီးတစ် ကုံး ပတ်ထားပါ၏ ။ ကြည်ညိုဖွယ် ဖြစ်သည်။ ထူးခြားသည် ကတော့ ထိုရသေ့သည် ဒေါက်ရှာဆောင်း ထားသော ရသေ့မဟုတ်ဘဲ ခေါင်းတုံးမကျ။ ခေါင်းတုံးဆံဒေါက်မကျနှင့် ထူးထူးခြားခြား ရသေ့တစ်ပါး ဖြစ်လေသည်။

နောက်မှ လူ ကတော့ ဒကာ ဖြစ်မည် ထင်ရကာ လက်ဆွဲအိတ်တစ်လုံးကို ဆွဲ၍ ပါလာသည်။

သံသယ ဖြစ်စရာ မလိုပါ။ သူတို့နှစ် ဦးစလုံး၏ ရည်ရွယ်ချက်များ မှာ ပျက်စီး

သွားပါပြီ။ မကြာခင် ရှေ့မှ ထိုင်ခုံနှစ် လုံးမှာ နေရာလွတ်ရှိမည် မဟုတ်တော့။

“ဘော်..”

ရထားထွက်ပြီ။

မင်းတစ်ခါပြုံး ရင် ကမ္ဘာတစ်လုံး ပျက်စီးမယ်ဆိုပါစို့

ကိုယ်ခြေချစရာ ကမ္ဘာမရှိရင်နေ

မင်းအပြုံး လေးကိုပဲ လှသထက်လှအောင်

ဆက်ပြုံး ပါ။

၇

ရထားကြီးက လှုပ်လီယိမ်းနွဲ့ကာ ဘူတာတွင် းသို့ တဖြည်းဖြည်းဝင်လာပါ၏ ။ ပြေလျော့လျော့ ဖြစ်နေသော ဖိနပ်ကြိုး အား ကျွန်တော် ပြင်ချည်ရင်း မတ်တပ်ထရပ်မိသည်။ စတော်ဘယ်ရီနံ့သင်းသော မနက်ခင်းစိုစွတ်စွတ်အောက်ဝယ် မိုးပြာရောင် အနွေးအကျီ လေးနှင့် သူမ ကတော့ လှချင်တိုင်း လှ နေသည်။

မိန်းကလေး တစ်ယောက် ရဲ့ အလှဆုံးအချိန်ဟာ ဘယ်အချိန်မှန်းမသိသော လည်း ကျွန်တော် က တော့ အိပ်ရေး မဝတဝနှင့် ကပိုကရိုလှနေသော ယခုအလှကို စာရင်းပေးမိသည်။ ကျွန်တော့် အဖို့ တော့ သူမသည် ဘယ်အချိန်ကြည့်ကြည့် လှနေသည်သာ။

ဘူတာတွင် း၌ ဝဏ္ဏနှင့် သူသူတို့ ရောက်နေကြပြီလားမသိ။ ကြို တင်အကြောင်းကြားထားသည့် အတွက် လာကြိုမှာ တော့ သေချာသည်။ ကျွန်တော် အဝတ်အိတ်နှစ် အိတ်အားဆွဲရင်း အဝလျှောက် သွားတော့ သူမက ကျွန်တော့် အကျီစကို ဆွဲကာ နောက်မှပါလာသည်။ အပေါက်ဝတွင် ဆင်းမည့် ခရီး သည်တို့ဖြင့် စည်ကားနေပါ၏ ။

မကြာပါ။ ရထားကြီးက တုံ့နှေးတုံ့နှေးလုပ်ကာ ရပ် သွားပါတော့သည်။ ယခု

ဘူတာတွင် တော့ ရှေ့ဘူတာများ လို စျေးသည်တွေ အုံလိုက်ကြီးရောက်မလာတော့။

ထို့အတွက်ကြောင့် အေးဆေးစွာ ပဲ ရထားပေါ်မှ ဆင်းလိုက်သည်။ ဘူတာ သမံတလင်းနှင့် ခြေ ထောက်တွေ ့တွေ ့ချင်းမှာ ပင် ...

"ဟေ့ကောင်...မဟော်"

"လေပြေ"

အားရဝမ်းသာ အော်ဟစ်သံတို့ကြောင့် ကြည့်မိသည်တွင် သူတို့ရပ်နေရာဆီသို့ ပြေးလာနေ သော ဝဏ္ဏနှင့် သူသူ။

"ဟယ် ... သူသူ..."

အနားရောက်ရောက်ချင်း ကျွန်တော့် ဘယ်ဘက်ရင်အုံလေးက သူသူ့ကို ဆီးဖက်သည်။ ကျွန် တော် နှင့် ဝဏ္ဏ ကတော့ သူမတို့လို မဖက် ဖြစ်ပါ။ ဒါပေမဲ့ ဝမ်းသာနွေးထွေးအပြုံး တွေ နှင့် တစ်ဦးလက်ကို တစ်ဦး ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏ ။

ကျောင်းပြီးကတည်းက ကွဲသွားကြသည့် သူငယ်ချင်းတွေ မို့ ယခုလို ပြန်တွေ ့ ကြ ကတော့ ပြောမပြတတ်အောင် ဝမ်းသာနေကြသည်။ ပြီး အတန်ကြာအောင် လေးဦးသား စကားမဆိုမိကြ။

ဒါပေမဲ့ မကြာပါ။ ကျောင်းကတည်းက ဟောင်ဖွာဟောင်ဖွာ လုပ်တတ်လွန်းသော ဝဏ္ဏက ကျွန်တော့် ကိုကြည့်ကာ မချိုမချဉ်ပြုံး လာသည်။ ပြီးတော့ လေပြေ့ကိုပါ သိမ်းကျုံးကြည့်ရင်း...

"ဘယ်လိုလဲကွ..။ ခိုးပြေးတဲ့အရသာကို သိပြီလား"

ဝဏ္ဏစကားကြောင့် ကျွန်တော့် ဘယ်ဘက်ရင်အုံလေးမှာ ရဲခနဲ ရှက်သွားသည်။ ပန်းရောင် သွေး ရောသွားသော ချစ်သူမျက်နှာရဲရဲလေးကို ကျွန်တော် ပွပွယယကြည့်ရင်း ...

"ဘယ်သိဦးမလဲကွ။ အခုမှ အစပဲရှိသေးတဲ့ဥစ္စာ..နော"

စကားအဆုံး "နော"ဟူ၍ သူမဘက်လှည့်ကာ ပြောလိုက်သော ကြောင့်

"ဘာ ဖြစ်တယ်"ဟု ဆိုကာ နှုတ်ခမ်းတစ်ဖက်ကို ကိုက်ရင်း ကျွန်တော့် မိုက်ကို ဆွဲဆိတ်သည်။ မျက်နှာကိုမဲ့ရင်း တွန့်ခနဲ ဖြစ်သွားသော ကျွန်တော့် အားကြည့်ကာ ဝဏ္ဏာနှင့် သူသူက ရယ်ပါ၏ ။ ပြီး ဝဏ္ဏာ က ဟန်ပါပါဖြင့် မျက်နှာကိုမော့ရင်း ...

မင်းတို့က အခုကတည်းက ဒီလိုကြီးလားကွ။ ငါ့မိန်းမ သူသူဆိုရင် အခုအချိန်အထိ ငါ့ကို မော် မကြည့်ရဲသေးဘူး။

"ကြည့်လို့ရမလား... နင်က ဂျပုကိုး"

လေပြေက ပက်ခနဲပြန်ပြောသည်ကြောင့် ဆောင့်ကြွားကြွားလုပ်နေသော ငနဲသားမှာ မအီ မလည် ဖြစ်သွားသည်။ တကယ်လည်း ဝဏ္ဏာက သူသူနှင့် ယှဉ်လျှင် ပုယောင်ယောင် ဖြစ်နေသည့် အတွက် ပြန်မပြောသာ။ ဒါတောင်...

"ငါက ပုချင်လို့ပုတာ မဟုတ်ဘူးဟေ့။ ကိုယ့်မိန်းမကိုယ် (Row)တင်ချင်လို့ ပုပေးထားတာ။ လမ်းတွဲ လျှောက်ရင် သူများ တွေ အမြင်မှာ ဝဏ္ဏာက သူ့အရပ်ပုပေမယ့် သူ့ထက်အရပ်ရှည်တဲ့ မိန်းမကို ရအောင်ယူနိုင်တယ်။

သူ့မိန်းမကလည်း တန်းတူအရပ်ရှည်ရှည် ယောကျ်ားကို မယူဘဲနဲ့ ဝဏ္ဏာလို ပုပုဖြောင့်ဖြောင့် ယောကျ်ားမျိုးကိုမှ ရွေးယူတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် .. သြော် .. သူတို့နှစ် ယောက် ဟာ သိပ်ချစ် ကြပါလားဆိုတဲ့ အတွေးမျိုးဝင်သွားအောင် ယူထားတာ။ ငါလည်း ဂုဏ်တတ်တယ်။ ငါ့မိန်းမကိုလည်း Row တင်ပြီးသား ဖြစ်သွားတယ်။ ဘယ်လောက်ကောင်းလဲ"

"ဘာမှ မဆိုင်ဘူး"

ဘယ်ဘက်ရင်အုံလေးက နှုတ်ခမ်းကိုမဲ့ကာ လက်ခါရင်း ပြောသည်။ သူသ ကတော့ စကား နည်းသူပီပီ ပြုံး ၍ သာ နေပါ၏ ။ လေးယောက် သားမှာ ဘူတာအတွင်း းမှထွက်၍ နီးစပ်ရာဆိုင်တစ်ဆိုင် သို့ ဦးတည်ခဲ့ကြသည်။ ကျွန်တော် တို့နှစ် ယောက် မှာ

ညက တစ်ညလုံး ရထားပေါ်၌ အချိန်ကုန်ခဲ့သည် ဖြစ်ရာ ဗိုက်တို့ဆာလှပြီမဟုတ်ပါလား။ ဆိုင်တွင် းကို ရောက်တော့ ဒေသထွက်စားစရာအချို့ကို အရင် ဆုံးမှာ ဖြစ်သည်။

အရင်ကတည်းက အကြိုက်ဆုံးအစားအစာ စာရင်းဝင်တွေ မို့ ရောက်လာတော့ အားရပါးရ စား ဖြစ်သည်။ လေပြေမှာ လည်း ကျွန်တော့် နည်းတူ ခေါင်းမဖော်တမ်းစားနေသည်။ အားရပါးရ စားနေ သော လေပြေ့ပုံစံလေးအား ကြည့်ရင်း ကျွန်တော့် စိတ်ထဲ၌ တစ်စုံတစ်ရာကို တွေ း ဖြစ်ပါသည်။

"ဒါဟာ ခိုးပြေးခြင်းရဲ့ အရသာလား"

ဟုတ်သည်ဆိုလျှင်တော့ ကျွန်တော် နှစ် နှစ် ခြိုက်ခြိုက် ခံမင်မိပါသည်။ ထိုစဉ်မှာ ပင် ဝတ္တုဆီမှ ထောပနာပြုသံကို ကြားရ၏ ။

"အဲဒါပဲကွ။ တူနှစ် ကိုယ် တဲအိုပျက်မှာ နေရနေရတို့၊ ထမင်းရည်ပဲ လျက်ရလျက်ရတို့ဆိုတာ အလကားပြောတာ။ ဘယ်သူမှ မနေနိုင်ဘူး။ အခုပဲ ကြည့်ပါလား။ ခိုးပြေးလာတာဖြင့် နှစ် ရက်မပြည့် သေးဘူး။ စားနေကြတာ စူဇကာပုဝတ္တုအား ဝင်စီးနေတဲ့အတိုင်းပဲ"

စားနေရင်းတန်းလန်း လေပြေ့ဆီမှ "ခွီး"ခနဲ အသံထွက်လာပြီး ကျွန်တော် ကတော့ "ခွေးသား" ဟု ဆဲရေး ဖြစ်သည်။ သူသူ ကတော့ ထုံးစံအတိုင်း ရယ်နေ၍ သာ...

"သိပ်ရယ်မနေနဲ့ဦး။ မျက်နှာကြီး ပျော်ကျလာဦးမယ်။ အခုတောင် တော် တော် ရဲနေပြီ"

နီဆွေးဆွေး ဖြစ်နေသော မျက်နှာအားကြည့်ရင်း ပြောလိုက်သည်ကြောင့် ...

"အဲဒါ မင်းတို့မကောင်းတာကွ။ မင်းတို့လုပ်လို့ ငါ့မိန်းမ အအေးမိပြီး မျက်နှာရဲနေတာ"

သူသူက ဝတ္တုအား မျက်စောင်းထိုးသည်။

"ဘာ ဖြစ်လို့လဲ။ ဆိုင်ကယ်စီးလာရတော့ လေတိုးလို့လား"

မသိနားမလည်စွာ သူသူ့အားကြည့်ရင်း လေပြေမေးတော့

"ဘယ်ကလာ ... မနက်ကတည်းက..."

"ဝဏ္ဏာ ... နင်နော်"

သူသူက အော်ကာတားသည့်ကြောင့် ကျွန်တော် အခြေအနေတစ်ခုကို သဘောပေါက်လိုက် ပါသည်။ ထို့ကြောင့် ...

"လုပ်စမ်းပါဦးကွ။ ဘယ်လို အအေးမိလို့လဲ"

"မင်းတို့ကိုကြိုဖို့ ငါ့မိန်းမ စောစောစီးစီး ရေထချိုးတာကွာ"

"ဒါများ ဟယ်.. ထူးဆန်းတာမှတ်လို့၊ ရေမှာ းချိုးလို့ အအေးမိတာပဲ"

ဝဏ္ဏာစကားမဆုံးခင် လေပြေက သူမထင်မြင်ချက်ကို ဝင်ပြော၏ ။ ဝဏ္ဏာက ရယ်ကျဲကျဲဖြင့် ခေါင်း ကိုယမ်းရင်း...

"ရေအေးချိုးလို့ အအေးမိရင် ငါလက်ခံတယ်။ အခုဟာက လုံးဝမအေးတဲ့ရေကိုချ းပြီး အအေးမိ သွားတာကို ငါ အံ့သြနေတာ"

"ဝဏ္ဏာ"

ရှက်အမ်းအမ်းပုံစံဖြင့် တားသေးသော် လည်း အရှိန်ရနေပြီ ဖြစ်သည့်အတွက် မရတော့။ ကျွန်တော် နှင့် လေပြေမှာ လည်း အနည်းငယ် စိတ်ဝင်စားသွားရသည်။

"လူကြီးတွေ ပြောတာ မင်းတို့ကြားဖူးမှာ ပေါ့။ အခုလို ဆောင်းရာသီ အေးတဲ့အချိန် ရေချိုးရင် ပထမဆုံး ကိုယ်ပေါ်လောင်းလိုက်တဲ့တစ်ခွက်ပဲ အေးပြီး နောက်လောင်းတဲ့ခွက်တွေ က သူ့အလိုလို နွေးပြီး အဆင်ပြေသွားတယ်ဆိုတာလေ..."

"အေး...ကြားဖူးတယ်"

စကားဝင်ထောက်သော ကြောင့် သူသူ၏ မျက်စောင်းဒဏ်ကို ခံရသည်။

"အဲဒါကို ငါ့မိန်းမက ဘယ်လိုလုပ်တယ်မှတ်လဲ။ အေးတယ်ဆိုတဲ့

ပထမဆုံးခွက်ကို ကိုယ်ပေါ် မလောင်းဘဲ ဘေးပက်ထုတ်ပြီး နွေးတယ်ဆိုတဲ့ ဒုတိယခွက်ကစပြီး ခေါင်းပေါ်က လောင်းချိုးပစ်လိုက် တာကွာ။ ကံကောင်းလို့ လေမဖြတ်တယ်"

ဝါးခနဲအော်ရယ်မိကြသည်။ သူသူလည်း ရှက်တက်တက်အမူအရာဖြင့် ရောယောင်ကာ လိုက် ရယ်သည်။ ယခုမှ အမှန်တကယ်ရဲသွားသော သူသူ့မျက်နှာအားကြည့်ရင်း..

"အေးကွ.. အရင်ကတည်းက တိုင်းရင်းသူပီပီ ပါးနှစ် ဖက်ရဲနေတဲ့အပြင် အခု မျက်နှာတစ်ပြင် လုံးပါ ရဲလာတော့ မျောက် ဟိုဟာနဲ့တောင် သွားတူတယ်"

"ဘာပြောတယ်"

ကျွန်တော့် စကားကြောင့် နှုတ်ခမ်းကိုကိုက်ရင်း "ဘာပြောတယ်"ဟုဆိုကာ လက်တွင် လုံးချေထားသော တစ်ရှူး ဖြင့် လှမ်းပေါက်၏ ။ ဒါကို လေပြေက

"သူသူနော် ... သူများ ဟိုဒင်းဟိုဟာကို ရာရာစစ"

ခပ်တည်တည်ဆိုသော လေပြေကိုကြည့်ရင်း သူသူက မျက်စောင်းတစ်ချက် လှမ်းထိုး၍ နှုတ်ခမ်းကိုမဲ့ကာ..

"အခုမှ သိပ်သည်းပြမနေနဲ့။ အမြင်ကပ်ဖို့ကောင်းလိုက်တာ။ မကျေနပ်ရင် ဝတ္တာကိုပြန်ပေါက်။ ရော့...တစ်ရှူး ဘူး"

"မပေါက်နိုင်ပါဘူး။ နင့်လူ ဂျပုကိုများ "

ကျွန်တော် ဟက်ခနဲရယ် ဖြစ်သော်လည်း ဝတ္တာ ကတော့ အီလည်လည်ကြီးဖြင့် ခွေးအကြီးလှည်း ကြိတ်သလို တအီးအီးရယ်သည်။ အရယ်ဆုံး ကတော့ ဝတ္တာက လက်စားချေသည့်သဘောနှင့် ..

"စားပြီးရင်လည်း သွားကြတယ်။ မင်းတို့ကမှ အခုမှ ခိုးပြေးလာကြတဲ့ ဇနီးမောင်နှံဆိုတော့ ကိုယ်ချင်းစာပါတယ်ကွာ။ ညကလည်း တစ်ညလုံး ရထားကြီးပေါ်မှာ

ဆိုတော့..ဟီး…ဟီး…”

ဝတ္တုက၏ “ဟီး..ဟီး”ကြောင့် ကျွန်တော် လည်း အံ့သွားချင်း ကြိတ်ရင်း လိုက် “ဟီး”လိုက်သည်။

“ဟီး…ဟီး…”

“ဘာလဲ .. ရထားကြီးပေါ်မှာ ဘာ ဖြစ်လဲ။ ဟို တစ်ယောက် ကလည်း ဘာလိုက်ဟီးနေတာလဲ”

ရှက်သံဝဲဝဲဖြင့် နှုတ်ခမ်းကိုကိုက်ကာ ငေါက်ငမ်းလိုက်သော သူမကြောင့်

“ဩော် .. မဟုတ်ပါဘူး။ ရထားကြီးပေါ်မှာ တစ်ညလုံး စီးလာရတော့ ခရီးပန်းလာမှာ ပဲလို့ ပြော မလို့ပါ”

ဝတ္တုက မြန်မာဗီဒီယိုကားတွေ ထဲကလို ခပ်ညံ့ညံ့အိုင်တင်ဖြင့် ဖြီးချသည်။ ဒါကိုပင်..

“ဟွန်း.. ဟို တစ်ယောက် ကရော ..”

“အဟီး..မောင်လည်း အဲဒါပဲ ပြောမလို့”

ကျွန်တော့် အပြောကြောင့် သူမ မထိန်းနိုင်တော့စွာ “ခစ်”ခနဲ ရယ်သည်။ အကုန်လုံးကလည်း ပြုံး စိစိ။

ဆိုင်ထဲကထွက်လာပြီးတော့ ဆိုင်ကယ်ဆီသို့ ဦးတည်သွားစဉ်မှာ ပဲ ..

“မင်းတို့ ဆိုင်ကယ်စီးချင်ပါချည်ရဲ့ ဆိုလို့သာ ကားယူမလာရတာ ။ ငါ့မိန်းမက ဆိုင်ကယ်စီး သိပ် ကျွမ်းတာမဟုတ်ဘူးကွ။ ငါက သူ့သူ့ကို လေတိုးတာတောင် သိပ်ခံချင်တာမဟုတ်ဘူး”

ဝတ္တုက mood အပြည့်ဖြင့် ခပ်တည်တည်ဆိုသော် လည်း

“လဲသေလိုက်”

ဟူသည့် သူသူ့အဖြေ ကတော့ တော် တော် လေးသင်းသည်။ ထိုစဉ်မှာ ပင်ကျွန်တော် တစ်စုံ တစ်ခုကို သတိရလိုက်ပါ၏ ။

"ဝဏ္ဏ .. ဘူတာထဲမှာ Toliet ရှိတယ်မလား"

"အေး..ရှိတယ်လေ။ ဘာလဲ .. မင်း Toliet ဝင်ချင်လို့လား။ ဒီဆိုင်မှာ သွားလည်းရတယ်"

"ရတယ်..ရတယ်..မင်းတို့ ခဏစောင့်နေ။ ငါ ဘူတာထဲက Toliet ပဲ သွားလိုက်မယ်"

ပြောပြီး ကျွန်တော် ပြေးထွက်သွားတော့ အကုန်လုံးက ဘာမှန်းမသိ ကြောင်နေမှာ သေချာ သည်။